## ၁၉။ ဝါဖြုတ်စိမ်းပိုး / ရွက်စားဖြုတ်ပိုး

**Cotton Jassids/ Leaf hopper: *Amrasca biguttula biguttula* Ishida, 1912)**

**Hemiptera: Cicadellidae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ




အကောင်ငယ်များသည်အလင်းရောင်ဖောက်မတတ်ဖြစ်ကာ စိမ်းနုရောင်သန်းပြီး ကန့်လန့်ဖြတ် ရွေ့လျားသည်။နောက်ဆုံးအဆင့် ပိုးမမည် သည် အစိမ်း ရောင်မှ အဝါရောင်ရှိကာ ပုံသဏ္ဍာန်မှာ အရွယ်ရောက် အကောင်ကြီး နှင့်ဆင်တူ သော်လည်း အရွယ်အစား သေးငယ်သည်။ အရွယ်ရောက်ကောင်များ မှာစိမ်းဝါရောင်သန်းပြီးသပ်ပုံစံရှိကာ ထိပ်တွင် အနက်စက်တစ်စုံပါရှိ ပြီး ရှေ့တောင်ပံတစ်ခုစီပေါ်တွင် အနက်စက်တစ်စက်ပါသည်။

### ဖျက်ဆီးပုံလက္ခဏာများ




ပိုးမမည်နှင့် အရွယ်ရောက်ကောင်များသည် အရွက်၏ အကြောငယ်များမှ သစ်ရည်ကို စုပ်ယူစားသောက်ပြီး အဆိပ်ရည်ကို အရွက်တစ်ရှူး အတွင်း ထိုးသွင်းခြင်းဖြင့် ဖျက်ဆီးသည်။ဖျက်ပိုးများ၏ ဖျက်ဆီးမှုကြောင့် အရွက်နားများသည် အစိမ်းရင့်ရောင်မှ အစိမ်းနု

၊ အဝါ ၊ အနီနှင့် အညိုရောင် များသို့ အဆင့်ဆင့် ပြောင်းလဲ သွားပြီး အရွက်များ တွန့်လိမ်ကာ ဖြုတ်လောင်သည့် လက္ခဏာ (Hopper burn)ကို ဖြစ်ပေါ်စေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (** ၆–၇**)** ရက် |
| ပိုးမမည် အဆင့် | –(၅–၁၆)ရက် |
| အကောင်ကြီး အဆင့် | –(၁၅–၁၉)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ဖြုတ်စိမ်းပိုးသည် ပေါင်းပင်များပေါ်တွင် ခိုအောင်းနိုင်သည့်အတွက် စိုက်ခင်းအတွင်း ပေါင်းမြက် များကိုရှင်းလင်းရမည် ။

(၂)မစိုက်မီမျိုးစေ့ အားအီမီဒါကလိုပရစ်ဒ် (Imidacloprid 600 FS/ Imidacloprid 70 SS) ဖြင့်လူးနယ်စိုက်ပျိုးပါ။

(၃)အဝါရောင်ပိုးဖမ်းထောင်ချောက်တပ်ဆင်၍အကောင်ကြီးများအားဖမ်းယူပါ။

(၄) ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ပိုင်မီထရိုဇင်း (Pymetrozine)
- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- အဆီတာမီပရစ် (Acetamiprid)